ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

National Community Driven Development Project

(NCDDP)



**ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

**Village Development Plan(VDP)**

**ကြံ့ခင်းမြို့နယ်**

**၂၀၁၈ ခုနှစ်** **သဲဖြူအုပ်စု၊ နန်းလုံးကြိုင်ကျေးရွာ**

**မာတိကာ**

၁. မြို့နယ်မြေပုံ

၂.ကျေးရွာမြေပုံ (တည်နေရာ)

၃.အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၄.ကျေးရွာအခြေခံအချက်အလက်များ

၅.လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools များနှင့်တစ်ခုချင်းစီ အတွက်သုံးသပ်ချက်များ

၇.ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ

၈.ကော်မတီဝင်များစာရင်း

၉.ကျေးရွာအချက်အလက် (ပုံစံ-၁)

၁၀.စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)


၁၁.ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၂.ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄)


၁၃.အစည်းအဝေးမှတ်တမ်းများ

၁၄.ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

## ၁. မြို့နယ်မြေပုံ


ကြံ့ခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများပြ မြေပုံ
N
ဧရာဝတီတိုင်းဒေသကြီး
ဟင်္သာတခရိုင်၊ ကြံ့ခင်းမြို့နယ်
ကွင်းအညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၄မိုင်
ပဲခူး တိုင်း ဒေ သ ကြီး
အလုံချောင်း
မြောက်မြန်အောင်သစ်တောကြိုးဝိုင်း
ကွန်ချောင်းဆည်
ကွန်ချောင်း
ရေသာယာချောင်း
ဖါးတရှူးချောင်း
ကျောက်နီချောင်း
မျှင်ဝါးတောင်သစ်တောကြိုးဝိုင်း
ပတော်ချောင်း
ရခိုင် ပြည် နယ်
ကြံ့ခင်းသစ်တောကြိုးဝိုင်း
ဧရာဝတီမြစ်
ပတော်သစ်တော ကြိုးဝိုင်း
မြန်အောင် မြို့ နယ်
ညွှန်းပြချက်
ပြည်နယ်/တိုင်း/ခရိုင်ခြား
မြို့နယ်ခြား
ကျေးရွာအုပ်စုခြား
ကွင်းခြား
ကားလမ်း
ရထားလမ်း
မြစ်ချောင်း

## ၂. ကြံခင်းမြို့နယ် သဲဖြူကျေးရွာအုပ်စုပြမြေပုံ




သဲဖြူကျေးရွာအုပ်စုပြမြေပုံ

**၃. အုပ်စုတွင်ပါဝင်သောကျေးရွာစာရင်း** (သဲဖြူကျေးရွာအုပ်စု)

၁. သဲဖြူကျေးရွာ

၂. မင်းတဲလေးကျေးရွာ

၃. ပေဖြူကုန်းကျေးရွာ

၄. ကုန်းမြင့်ကျေးရွာ

**၅. နန်းလုံးကြိုင်ကျေးရွာ**

နန်းလုံးကြိုင်ကျေးရွာအုပ်စုသည် ကျေးရွာပေါင်း(၅)ရွာ ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

## ၄. နန်းလုံးကြိုင်ကျေးရွာ၏အခြေခံအချက်အလက်များ

ရောဝတီတိုင်း၊ ဂြာခင်းမြို့နယ်၊ သဲဖြူအုပ်စုတွင် နန်းလုံးကြိုင်ကျေးရွာ တည်ရှိပါသည်။ သဲဖြူကျေးရွာ၏ တောင်ဘက်သို့ လယ်ကသင်းရိုးအတိုင်းသွားပါက နန်းလုံးကြိုင်ကျေးရွာသို့ ရောက်ရှိပါ သည်။ နန်းလုံးကြိုင်ကျေးရွာသည် လယ်ကွင်းထဲတွင် သီးသန့်တည်ရှိပြီး ရွာချင်းဆက်လမ်းများမရှိပါ။

ကျေးရွာ၏တောင်ဘတ်တွင် ဆည်မြောင်းတစ်ခုရှိပါသည်။ ရေတွင်းနစ်တွင်းနှင့် ရေတုံကင် တစ်ခုရှိပါသည်။ နွေရာသီတွင် ရေပြတ်၍ ဆည်မြောင်းမှရေကို သုံးစွဲကြရသည်။ နန်းလုံးကြိုင်ကျေးရွာ တွင် အုပ်ချုပ်ရေးအဖွဲ့နှင့် လူငယ်အဖွဲ့ရှိပါသည်။

နန်းလုံးကြိုင်ကျေးရွာတွင် စာသင်ကျောင်းမရှိပါ။ သဲဖြူကျေးရွာ၊ ချင်းမြောင်ကျေးရွာ များသို့ သွားရောက်သင်ကြားကြရသည်။ သို့သော် နန်းလုံးကြိုင်ကျေးရွာသည် ရွာချင်းဆက်လမ်းများမရှိသည့် အတွက် မိုးတွင်းအခါ ကန်သင်းရိုးအတိုင်းသွားကြရသောကြောင့် ပညာရေးလက်လှမ်းမီမှုအားနည်း ပါသည်။

ကျန်းမာရေးအတွက်လည်း ကျေးရွာဆေးပေးခန်း မရှိသည့်အတွက် နီးစပ်ရာ ဆေးရုံ၊ ဆေးခန်း များသို့သာ သွားရောက်ဆေးကုသမှု ခံယူရပါသည်။ ဘုန်းတော်ကြီးကျောင်းလည်း မရှိသည့်အတွက် သဲဖြူကျေးရွာသို့သွားကာ ဥပုလ်သီလ ဆောက်တည်ရပါသည်။

နန်းလုံးကြိုင် ကျေးရွာတွင် အိမ်ခြေ(၁၁)အိမ်ရှိပြီး (၁၀)အိမ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတတ် ရေးဦးစီးဌာနမှ ဆောက်လုပ်ပေးထားပါသည်။ ကျေးရွာတွင် အခြားအခြေခံအဆောက်အအုံများမရှိပါ။

ကျေးရွာသူ/သားများသည် လက်လုပ်လက်စားများသာဖြစ်သော်လည်း စည်းလုံးညီညွတ်မှု၊ ဖော်ရွေမှု၊ ပူးပေါင်းမှုတို့ အားကောင်းပါသည်။

## ၅. လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုနှင့်သဘာဝအရင်းမြစ်ပြမြေပုံ (Social map & Resource map) | ၂၄-၉-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၆ | ၅ | ၁၁ | -ဒေသတွင်းသဘာဝအရင်းမြစ်များ<br>-လူမှုအဆောက်အဦများ<br>-ဘာသာရေးအဆောက်အဦများ<br>-လမ်းပမ်းဆက်သွယ်ရေး |
| ၂။ | ရာသီခွင်ပြပြက္ခဒိန် (Seasional Calendar) | ၂၄-၉-၂၀၁၇ | ကော်မတီဝင်များ၊ရပ်ရွာလူထုများ | ၆ | ၅ | ၁၁ | -ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လအလိုက်ဝင်ငွေများ၊ အလုပ်ကိုင်အခွင့်လမ်းများ၊ပွဲတော်များ၊ သဘာဝဘေးများ၊လယ်ယာလုပ်ငန်းနှင့်အခြားလုပ်ငန်းများ |
| ၃။ | လူမှုစီးပွားအဆင့်သက်မှတ်ခြင်း (Wealth Ranking) | ၂၄-၉-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်နွမ်းပါးအုပ်စုများ | ၆ | ၅ | ၁၁ | -ကျေးရွာ လူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေး<br>-အဆင့်လိုက်အခြေခံ စံနှုန်းများ အများသဘောတူသက်မှတ်နိုင်ရေး<br>-ကျေးရွာ၏လူမှုစီးပွားအခြေအနေ |
| ၄။ | အဖွဲ့ စည်းချိတ်ဆက်မှုပြမြေပုံ (Venn Diagram) | ၂၄-၉-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ၊အခြားအဖွဲ့ တွင်ပါဝင်သူများ | ၆ | ၅ | ၁၁ | -ကျေးရွာတွင်း ၊ပြင်ရှိအဖွဲ့ အစည်းများ မည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်နေပုံ။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၅။ | ပင့်ကူအိမ်ကွန်ယက် (Cobweb) | ၂၄-၉ -၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၆ | ၅ | ၁၁ | -နေ့စဉ်ဘဝအတွက်ဆောင်ရွက်မှုတွင် အမျိုးသားနှင့်အမျိုးသမီးတို့ပါဝင်မှုအချိုး<br>-အမျိုးသားနှင့်အမျိုးသမီးတန်းတူအခွင့်အရေးရရှိ<br>နိုင်မှုပေါ် သုံးသပ်ခြင်း။ |
| ၆။ | အရင်းမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့်ဆုံးဖြတ်နိုင်မှု (Assent Mapping) | ၂၄-၉ -၂၀၁၇ | ကျေးရွာရှိအမျိုးသားနှင့်အမျိုးသမီးများ | ၆ | ၅ | ၁၁ | -အရင်းမြစ်များပေါ် တွင် (အမျိုးသားနှင့်အမျိုးသမီးများ)အသုံးပြုနိုင်မှုနှင့်ထိန်းချုပ်မှုသည်မည်သည့်အကြောင်းကြောင့်နည်း။မည်သို့ညီမျှစွာခံစားခွင့်ရမည်နည်း။ |
| ၇။ | အခက်ခဲပြသနာ (Problem) | ၂၄-၉ -၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၆ | ၅ | ၁၁ | -ဒေသဖွံ့ဖြိုးရေးအတွက်အနှောင့်အယှက်အတားဆီး၊အခက်ခဲများ<br>-လိုအပ်ချက်များ။ |
| ၈။ | ကျေးရွာမျှော်မှန်းချက် (Village Vision) | ၂၄-၉ -၂၀၁၇ | ကော်မတီဝင်များနှင့်ရပ်ရွာလူထုများ | ၆ | ၅ | ၁၁ | -ဒေသဖွံ့ဖြိုးရေးအတွက်ဘာတွေကိုမျှော်မှန်းထားသလဲ<br>-ဘာကြောင့်မျှော်မှန်းထားမှု။ |
| ၉။ | ကျေးရွာဦးစားပေးလုပ်ငန်း | ၂၄-၉ -၂၀၁၇ | ကော်မတီဝင်များရပ်ရွာလူထုများ၊တက်ရောက်သူအားလုံး | ၆ | ၅ | ၁၁ | -အကျိုးပြုဦးရေ၊အကျိုးခံစားခွင့်လိုအပ်ချက်အဆင့်သတ်မှတ်ခြင်း။ |

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(က) လူမှုအရင်းအမြစ်ပြမြေပုံ နှင့် သုံးသပ်ချက်



လူမှုအရင်းအမြစ်ပြမြေပုံ

__လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)__

- **ဒေသတွင်း သဘာဝအရင်းအမြစ်များအနေဖြင့်** လယ်ယာများ၊ တန်းတောများ၊ ဆည်မြောင်းများ ရှိသည်ကို တွေ့ရပါသည်။
- **လူမှုအဆောက်အဦများအနေဖြင့်** ပထမနှစ်စီမံကိန်းစက်ဝန်းတွင် စက်ရေတွင်းနှင့်ရေကန် ဆောက်လုပ်ခဲ့ပါသည်။
- **လမ်းပန်းဆက်သွယ်ရေးအနေဖြင့်** လယ်ကန်သင်းရိုးသာရှိပြီး အဓိကသွားလာရပါသည်။
- **ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေး အနေဖြင့်** လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် အဘက်ဘက်တွင် အားနည်းမှုရှိကြောင်းတွေ့ရသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် လျှပ်စစ်မီးလင်းရေးလုပ်ငန်းကိုဆောင်ရွက်ရန် လျာထားကြောင်း တွေ့ရသည်။**
- **ပထမနှစ်စီမံကိန်းစက်ဝန်းတွင် လူထုဗဟိုပြုစီမံကိန်းမှ စက်ရေတွင်းရေကန်တည်ဆောက်ခဲ့ သည်။**
- **ဒုတိယနှစ်စီမံကိန်းစက်ဝန်းတွင် လူထုဗဟိုပြုစီမံကိန်းမှ** ရွာတွင်းလမ်းခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။
- __ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက် (တတိယနှစ်စက်ဝန်း)__
  - ကျေးရွာတွင် လျှပ်စစ်မီး၊ မီးအားပြည့်ဝစွာရရှိရေး
  - ရွာချင်းဆက်ကျောက်ကြီးချရောင်းကျောက်လမ်း
  - ရွာပတ်ခြံစည်းရိုး
  - အသေးစားချေးငွေများ
  - တစ်နိုင်တစ်ပိုင်မွေးမြူရေး

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ခ) ရာသီခွင်ပြ ပြက္ခဒိန် သုံးသပ်ချက်





ရာသီခွင်ပြ ပြက္ခဒိန်

## ရာသီခွင်ပြဇယားမှဆန်းစစ်မှုရလဒ် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

- တပေါင်းလမှ ကဆုန်လအထိ နေပူသည်အထိ နေပူသည်ကိုတွေ့ရပြီး၊ နယုန်လမှစတင်ပြီး သီတင်းကျွတ်လအထိ မိုးများရွာသွန်းသည်ကို တွေ့ရသည်။ တန်ဆောင် မုန်းလမှ တပို့တွဲလအထိသည် နှင်းများကျ၍ အေးချမ်းသော ဆောင်းရာသီဖြစ်ပါသည်။
- ကျေးရွာ၏ အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်ကို တွေ့ရပါသည်။ ဝါဆိုလမှစ၍ တပေါင်းလအထိ ဝင်ငွေများပြားစွာရရှိနေသည်ကို တွေ့ရသည်။ တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဝင်ငွေနည်းပါးသည်ကို တွေ့ရပြီး၊ အမျိုးသားနှင့် အမျိုးသမီးတို့၏ ဝင်ငွေအချိုးမှာ များစွာကွာဟမှုမရှိသည်ကို တွေ့ရပါသည်။
- ပွဲတော်များအား ဗုဒ္ဓဘာသာတို့၏ ဓလေ့ထုံးစံအတိုင်း ကျင်းပကြသည်ကိုတွေ့ရပါသည်။ တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ်လတွင် မီးထွန်းပွဲ၊ တန်ဆောင်မုန်းလတွင် တန်ဆောင်တိုင်ပွဲများ ကျင်းပကြသည်ကိုတွေ့ရပါသည်။
- ကျန်းမာရေးအနေဖြင့် ရာသီအကူးအပြောင်းကာလများတွင် မျက်စေ့နာခြင်း၊ နာစေး၊ ချောင်းဆိုးခြင်း၊ တုတ်ကွေးရောဂါများ ဖြစ်လေ့ရှိသည်ကို တွေ့ရှိရပါသည်။ ကျန်လများတွင် ကျန်းမာရေး ကောင်းမွန်ကြသည်ကို တွေ့ရှိရပါသည်။
- ဒေသထွက်အစားအစာအနေဖြင့် မိုးရာသီတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများ ပေါများစွာ ထွက်ရှိသည်ကို တွေ့ရပါသည်။ ရာသီအလိုက် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများလည်း ထွက်ရှိပါသည်။
- ဒေသ၏ အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်၍ အားလပ်သောလ မရှိသလောက် နည်းပါးပြီး၊ တန်ခူးနှင့် ကဆုန်လများတွင်သာ အနည်းငယ်အားလပ်ကြောင်း တွေ့ရှိရပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် နန်းလုံးကြိုင် ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်(ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် ထပ်တိုးပြောင်းလဲခြင်းမရှိပါ။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(က) လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း နှင့် သုံးသပ်ချက်</u>




လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း

**ဥစ္စာဓနနှင့်ကြွယ်ဝမှုဇယား (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- နန်းလုံးကြိုင်ကျေးရွာ၏ လူနေမှုအဆင့်များကို (က၊ ခ၊ ဂ၊ ဃ) ဟူ၍ အဆင့်(၄) ဆင့်သတ်မှတ်ပြီး ရေးဆွဲခဲ့ပါသည်။
- နန်းလုံးကြိုင်ကျေးရွာတွင် ချမ်းသာသောအုပ်စု နှင့် နွမ်းပါးသောအုပ်စု မရှိပါ။
- အသင့်အတင့်အုပ်စု နှင့် မပြေလည်သောအုပ်စု တွင် အိမ်ထောင်စု (၆)အိမ်စီရှိပါသည်။ရာခိုင်နှုန်းမှာ (၅၀)ရာခိုင်နှုန်းစီရှိပါသည်။ ဥစ္စာဓနမှာ ကျေးရွာတွင် ခြားနားမှုမရှိပါ။
- **ယခုတတိယနှစ်စက်ဝန်းတွင် နန်းလုံးကြိုင် ကျေးရွာ၏ ဥစ္စာဓန ကြွယ်ဝမှုဇယား၊ လူမှုစီးပွား အဆင့်(ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) ဖော်ပြမှုတွင် ဒုတိယနှစ်မှ ဆွေးနွေးထားသော အကြောင်းအရာများ၊ သုံးသပ်ချက်များ အတိုင်းပင်အဖြစ်ပြီး၊ အသစ်ထပ်တိုး ပြောင်းလဲမှုမရှိပါ။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဃ) အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ နှင့် သုံးသပ်ခြင်း





အဖွဲ့အစည်းချိတ်ဆက်ပြမြေပုံ


**<u>အဖွဲ့အစည်းချိတ်ဆက်ပြပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)</u>**

- ကျေးရွာအတွင်းတွင် ဆယ်အိမ်မှူးများ ပါဝင်သော အုပ်ချုပ်ရေးအဖွဲ့၊ လူထုဗဟိုပြု စီမံကိန်းအဖွဲ့၊ လူငယ်အဖွဲ့ ရှိသည်။
- အုပ်ချုပ်ရေးအဖွဲ့မှာ ပြင်ပရှိ မြို့နယ်အုပ်ချုပ်ရေး အဖွဲ့ဖြင့်လည်းကောင်း၊ ကျေးရွာ လူထုဗဟိုပြု စီမံကိန်းအဖွဲ့မှာ မြို့နယ်လူထုဗဟိုပြုစီမံကိန်း အဖွဲ့ဖြင့်လည်းကောင်း ချိတ်ဆက်လျက်ရှိသည်။
- အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံအား ရေးဆွဲခြင်းအားဖြင့် ကျေးရွာတွင်း အဖွဲ့အစည်းများနှင့် ကျေးရွာပြင်ပ အဖွဲ့အစည်းများ အသီးသီးချိတ်ဆက် ဆောင်ရွက်ကြမှု၊ အင်အားကြီး အဖွဲ့အစည်းများ၊ အင်အားသေး အဖွဲ့အစည်းများကို ကြည့်ပြီး ကျေးရွာတွင် အကြောင်းကိစ္စ ကြီး/ ငယ် ပေါ်ပေါက်ပါက ကျေးရွာသူ/ ကျေးရွာသားများ ဆက်သွယ်ဆောင်ရွက်တတ်ကြ စေရန် ရည်ရွယ်ရေးဆွဲခဲ့ပါသည်။
- ကျေးရွာတွင်း နှင့် ကျေးရွာပြင်ပရှိအဖွဲ့အစည်းများကို သိရှိခြင်းအားဖြင့် ကျေးရွာ၊ အုပ်စု၊ မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မတူညီသောအဖွဲ့အစည်းများ၊ မတူညီသော သတင်း အချက်အလက်များကို တပြေးညီဆောင်ရွက်သိရှိနိုင်ပြီး၊ ပိုမိုဖွံ့ဖြိုးအောင်မြင်လိမ့် မည်ဟု သိမြင် ခံစားမိပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် နန်းလုံးကြိုင် ကျေးရွာ၏ အဖွဲ့အစည်း ချိတ်ဆက်ပြမြေပုံ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် ထပ်တိုး ပြောင်းလဲချက်များ မရှိပါ။ ကျေးရွာတွင်းအဖွဲ့ အစည်းများလည်း ထပ်တိုးခြင်း၊ လျော့နည်းခြင်းများ မရှိပါ။**

### ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

<u>(င) အရင်းအမြစ်များအပေါ် အသုံးချနိုင်မှု၊ လွှမ်းမိုးမှုနှင့် ဆုံးဖြတ်နိုင်မှု သုံးသပ်ချက်</u>





အရင်းအမြစ်များအပေါ် လွှမ်းမိုးမှု နှင့် ဆုံးဖြတ်နိုင်မှု

**အရင်းအမြစ် အသုံးပြုမှု/ထိန်းချုပ်မှု (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- အရင်းအမြစ်အသုံးပြုမှုတွင် အမျိုးသားများမှာ တောင်ယာ၊ နွား၊ ရေစုပ်စက်၊ မြက်ဖြတ်စက် သုံးဘီးဆိုင်ကယ်စသည်တို့ကို အသုံးပြုကြသည်။အမျိုးသမီးများမှာ ပဲခင်း၊ ရေကန်၊ ကြက်၊ ဝက်၊ အိမ် တို့ကိုအသုံးပြုကြသည်။ နှစ်ဦးစလုံးအသုံးပြုသော အရင်းအမြစ်များမှာ လယ်၊ ဆိုင်ကယ်၊ စက်ဘီး၊ တယ်လီဖုန်း၊ စားပွဲတင်တီဗွီ၊ ဆိုလာမီး စသည်တို့ဖြစ်သည်။
- အမျိုးသမီးများသည် အရင်းအမြစ်များကို သီးသန်းအသုံးပြုခြင်း အမျိုးသားများနှင့် အတူ အသုံးပြုခြင်းများရှိသော်လည်း စီးပွားရေးနှင့်ဆိုင်သော အရာများ၊ အရေးကြီးသောအရာ များပြုပြင်ခြင်း၊ ဆုံးဖြတ်ခြင်း၊ ပိုင်ဆိုင်ထိန်းချုပ်ခြင်း တို့ကို အမျိုးသားများမှသာ ပြုလုပ်ကြ သည်။
- အမျိုးသမီးများအား ဆုံးဖြတ်ချက်ချခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း တို့တွင် အမျိုးသားများ နှင့် တန်းတူဆွေးနွေးခြင်းဖြင့် ပစ္စည်းများအား တန်းတူပိုင်ဆိုင်နိုင်ကြောင်း သိရှိနိုင်သည်။
- ယခုတတိယနှစ်စက်ဝန်းတွင် နန်းလုံးကြိုင်ကျေးရွာ၏ အရင်းအမြစ်ပိုင်ဆိုင်မှု ထိန်းချုပ်မှုပြ မြေပုံ (ဆွေးနွေးချက် ဆန်းစစ်ချက်) သည်ထပ်တိုးပြောင်းလဲခြင်းမရှိပါ။

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(စ) ပင့်ကူအိမ်ကွန်ယက်နှင့်သုံးသပ်ချက်





ပင့်ကူအိမ်ကွန်ယက်

ပင့်ကူအိမ်ကွန်ယက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

- နန်းလုံးကြိုင်ကျေးရွာတွင် အမျိုးသားနှင့် အမျိုးသမီးတို့၏ ပညာရေး သည်တူညီမှုကြောင်း တွေ့ရသည်။
- ဝင်ငွေရရှိမှုတွင်လည်း နန်းလုံးကြိုင်ကျေးရွာမှ အမျိုးသား၊ အမျိုးသမီးများသည် အနည်းငယ် ကွာခြားမှု ရှိကြောင်းတွေ့ရသည်။
- အုပ်ချုပ်ရေး၊ အရင်းအမြစ်များအပေါ် လက်လှမ်းမီမှု၊ ယုံကြည်မှုနှင့်လုံခြုံမှု တို့တွင် နန်းလုံးကြိုင်ကျေးရွာမှ အမျိုးသားများသည် အမျိုးသမီးများထက် ရာခိုင်နှုန်းအားဖြင့် ပိုများနေပြီး ရာခိုင်နှုန်းများစွာ ကွာဟမှုများရှိကြောင်း တွေ့ရှိရပါသည်။ပစ္စည်းဥစ္စာစုဆောင်းမှု တွင်အမျိုးသမီးများအားသာမှု ရှိကြောင်းတွေ့ရသည်။
- အမျိုးသားများနှင့် အမျိုးသမီးများသည် ဝင်ငွေရရှိသော အလုပ်များတွင်လည်းကောင်း အိမ်မှု ကိစ္စများ ဆောင်ရွက်ရာတွင်လည်းကောင်း အပေးအယူ မျှစွာ စီမံဆောင်ရွက်ခြင်းဖြင့် လုပ သောလူနေမှုဘဝကို ပိုင်ဆိုင်ရရှိကြပြီး ကျား- မ ရေးရာကဏ္ဍများ ပိုမိုမြင့်တက်အောင် ဆောင် ရွက်နိုင်လိမ့်မည်ဖြစ်ကြောင်း ထင်မြင်သုံးသပ်မိပါသည်။
- **ယခုတတိယနှစ်စက်ဝန်းတွင် နန်းလုံးကြိုင်ကျေးရွာ၏ ပင့်ကူအိမ်ကွန်ယက်( ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်) သည် အသစ် ထပ်မံ ပြောင်းလဲတိုးတက်မှု မရှိခဲ့ပါ။**

**၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစ ဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ**

(ဆ) ကျေးရွာအခက်အခဲပြဿနာအပေါ် သုံးသပ်ချက်





အခက်အခဲ ပြဿနာများ

**အခက်အခဲပြဿနာများ (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)**

- ကျေးရွာ၏ အခက်အခဲ၊ ပြဿနာများကို အမျိုးသားနှင့် အမျိုးသမီး အဖွဲ့ခွဲ၍ ဆွေးနွေးစေခဲ့ရာ အမျိုးသားများမှ ဖော်ထုတ်ခဲ့သော အခက်အခဲများမှာ လမ်းပန်းဆက်သွယ်ခက်ခဲခြင်း၊ လမ်းမကောင်းသဖြင့်ပညာရေးတွင်ခက်ခဲခြင်း ၊မီးဘေးအန္တရယ်နှင့်ပတ်သတ်၍စိုးရိမ်ရ ခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း တို့ဖြစ် ကြပါသည်။ အမျိုးသမီးတို့၏ အခက်အခဲများမှာ အမျိုးသားများတင်ပြသောအခက်အခဲများ နှင့်တူညီကြောင်းတွေ့ရသည်။
- အမျိုးသားနှင့် အမျိုးသမီးများ အဖွဲ့ခွဲ၍ ဆွေးနွေးရာမှ ရရှိသော အကြောင်းအရာများသည် နန်းလုံးကြိုင်ကျေးရွာတွင် ကြုံတွေ့နေရသော အခက်အခဲများဖြစ်ကြပါသည်။
- အထက်ပါ ဆွေးနွေးချက်များသည် ဒုတိယနှစ်စက်ဝန်း ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များတွင် နန်းလုံးကြိုင်ကျေးရွာမှ ဖော်ထုတ်ဆွေးနွေးခဲ့ကြသော ဆွေးနွေးချက်များဖြစ်ကြသည်။
- **ယခု တတိယနှစ် စက်ဝန်းတွင် ကျေးရွာ၏အခက်အခဲ၊ ပြဿနာများ ထပ်မံဖော်ထုတ်ရာတွင် အသစ်ပြောင်းလဲမှု မရှိခဲ့ပါ။**

၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(၈) ကျေးရွာ မျှော်မှန်းချက်လုပ်ငန်းများအပေါ် သုံးသပ်ချက်





ကျေးရွာမျှော်မှန်းချက်

**ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များ ( ဆွေးနွေးချက်နှင့် ဆန်းးစစ်ချက် )**

- နန်းလုံးကြိုင်ကျေးရွာ၏မျှော်မှန်းချက်များကို အမျိုးသားနှင့် အမျိုးသမီး အုပ်စုခွဲ၍ ဖော်ထုတ်ကြရာတွင် မိမိတို့ကျေးရွာ၏ အခက်အခဲများအပေါ် မူတည်ပြီး ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။
- အမျိုးသားနှင့် အမျိုးသမီးတို့၏ တူညီသော မျှော်မှန်းချက်များမှာ လျှပ်စစ်မီးလင်းရန်၊ ရွာတွင်းကွန်ကရစ်လမ်း၊ ရွာချင်းဆက်လမ်း၊ အလုပ်အကိုင်အခွင့်အလမ်း၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း တို့သည် မျှော်မှန်းချက်အိပ်မက်တစ်ခုပင် ဖြစ်ပါသည်။
- အမျိုးသားများ၏မျှော်မှန်းချက်များမှာ စက်မှုလက်မှုနည်းပညာသင်တန်း၊ ရွာတွင်းခြံစည်းရိုးတို့ ကိုမျှော်မှန်းပါသည်။
- အမျိုးသမီးများ၏မျှော်မှန်းချက်များမှာ အသေးစားချေးငွေလုပ်ငန်း၊ အိမ်တွင်းစက်ချုပ်သင်တန်း၊ စာကြည့်တိုက်တို့ကို မျှော်မှန်းပါသည်။
- ကျေးရွာ မျှော်မှန်းချက်များကို ဖော်ထုတ်ခြင်းအားဖြင့် မိမိတို့ကျေးရွာအတွက် အမှန်တကယ်လိုအပ်သော အခြေခံ အဆောက်အဦများနှင့် လိုအပ်ချက်များကို ကောင်းစွာသိရှိနိုင်လိမ့်မည်ဟု သုံးသပ်မိပါသည်။
- **ယခု တတိယနှစ်စက်ဝန်းတွင် နန်းလုံးကြိုင်ကျေးရွာသည် ၎င်းတို့၏ ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်ကို ထပ်မံဖော်ထုတ်ရာတွင် အနည်းငယ်ပြောင်းလဲမှုရှိခဲ့သည်။**

## ၆.ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောလူမှုဆန်းစစ်၊အကဲဖြတ်ခြင်းလုပ်ငန်းစဉ်များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ

(ဈ) ကျေးရွာ ဦးစားပေးလုပ်ငန်းများအပေါ် သုံးသပ်ချက်




ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

ဦးစားပေးလုပ်ငန်းများ အဆင့်သတ်မှတ်ချက် (ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်)

- တတိယနှစ်စက်ဝန်းတွင် နန်းလုံးကြိုင်ကျေးရွာသည် ကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများကို (၁)လျှပ်စစ်မီး(ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး) (၂)ရွာချင်းဆက်ကျောက်ကြီးချောင်းကျောက်လမ်း (၃)ရွာပတ်ခြံစည်းရိုးသံဇကာကျောက်တိုင်၊(၄)အသေးစားချေးငွေလုပ်ငန်း၊(၅)တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်း တို့ဖြစ်သည်။
- ဦးစားပေးလုပ်ငန်းများအဆင့်သတ်မှတ်ရာတွင်
    - ဦးစားပေးလုပ်ငန်းအဆင့်(၁) လျှပ်စစ်မီး (ကွန်ကရစ်မီးတိုင် နှင့် မီးကြိုး)၊ (၂)ရွာချင်း ဆက်ကျောက်ကြီးချောင်းကျောက်လမ်း၊ (၃)အင်ဂျင်မီး တို့ကိုဦးစားပေးသတ်မှတ်ခဲ့ ပါသည်။

## ၇. ကော်မတီဝင်များရွေးချယ်ခြင်း နှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ






၈.ကျေးရွာစီမံကိန်းအထောက်အကူပြု ကော်မတီအဖွဲ့ဝင်စာရင်း

အုပ်စု။ ။ သဲဖြူကျေးရွာ ကျေးရွာ။ ။ နန်းလုံးကြိုင်ကျေးရွာ

စတင်ဖွဲ့စည်းသည့်ရက်စွဲ။ ။၂၃- ၉-၂၀၁၇

| စဉ် | အဖွဲ့ | ရာထူး | အမည် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ကျေးရွာစီ/ထောက် | ဥက္ကဌ | ဦးသန်းလှိုင် | ၀၉၄၀၁၆၅၆၂၁၀ | ၂၀၁၆ |
| ၂ | | ဥက္ကဌ | ဒေါ်ခင်အေးမာ | - | ၂၀၁၈ |
| ၃ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလင်းလင်းအောင် | - | ၂၀၁၈ |
| ၄ | | အဖွဲ့ဝင် | ဦးအောင်ထွန်းသိုက် | ၀၉၄၂၂၅၆၀၄၈၀ | ၂၀၁၈ |
| ၅ | | အဖွဲ့ဝင် | ဦးထွေးလေးမောင် | - | ၂၀၁၆ |
| ၆ | | အဖွဲ့ဝင် | ဒေါ်ခိုင်ခိုင်မွန် | ၀၉၇၆၃၆၂၇၉၆၂ | ၂၀၁၆ |
| ၇ | စောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဒေါ်ကြူ | ၀၉၇၈၁၁၀၂၃၅၇ | ၂၀၁၆ |
| ၈ | | အဖွဲ့ဝင် | ဦးညိုဝင်း | - | ၂၀၁၈ |
| ၉ | | အဖွဲ့ဝင် | ဦးထွန်းထွန်းဦး | ၀၉၇၈၅၉၅၂၆၇ | ၂၀၁၈ |
| ၁၀ | | အဖွဲ့ဝင် | ဒေါ်စန္ဒာအေး | ၀၉၉၇၃၅၀၁၅၄၃ | ၂၀၁၈ |
| ၁၁ | လည်ပတ်ရေးနှင့် ပြုပြင်ထိန်း သိမ်းရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလှိုင်မင်း | ၀၉၂၅၀၅၇၈၁၈၈ | ၂၀၁၆ |
| ၁၂ | | အဖွဲ့ဝင် | ဦးမောင်ငွေ | - | ၂၀၁၈ |
| ၁၃ | | အဖွဲ့ဝင် | ဒေါ်စုမွန်ခိုင် | - | ၂၀၁၈ |
| ၁၄ | ကျေးရွာငွေစာရင်းကိုင် | စာရင်းကိုင် | ဦးမြင့်သိန်း | ၀၉၉၅၀၁၉၀၄၉၈ | ၂၀၁၆ |
| ၁၅ | အကြံပြုတိုင်ကြား ဖြေရှင်းရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ဦးဝင်းစိန် | - | ၂၀၁၆ |
| ၁၆ | | အဖွဲ့ဝင် | ဒေါ်စန်းအေး | - | ၂၀၁၆ |
| ၁၇ | စေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးကျော်ဝင်းသူ | ၀၉၇၆၂၄၆၈၁၆၆ | ၂၀၁၇ |
| ၁၈ | | အဖွဲ့ဝင် | ဒေါ်ဇင်မာ | ၀၉၄၄၀၆၅၅၃၉၀ | ၂၀၁၈ |

<u>တာဝန်ကျဝန်ထမ်းများ</u>

လူထုစည်းရုံးရေးမှူး - ဒေါ်ဆုမွန်ဇော်/ လက်ထောက်နည်းပညာမှူး - ဒေါ်မေသူဝင်းရွှေ

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်၊ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးကျော်ဝင်းအောင် | 09-973501543 | ဒေါ်မေစိုးချစ် |

| တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| စစ်ကိုင်းတိုင်းဒေသကြီး | မြို့နယ် - ကြံခင်း | ကျေးရွာအုပ်စု သဲဖြူ | ကျေးရွာ နန့်လုံးကြိုင် |

က၊ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၁၂ | ဘာသာ (၁) ဗုဒ္ဓ | ၁၂ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | – | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၆ - (၂) | | |
| စစ်ဘေးရှောင် | – | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၇ | ၁၆ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အိမ်ထောင်ဦးစီး | ၁၀ | ၂ |

### (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |

| | | | | | |
|---|---|---|---|---|---|
| အခြား | ☐ | အခြား | ☐ | ဝလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်သမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ ၁ | ရေဝိုက်တူးသူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | ဝက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လှည်းသွားလမ်း | အခြား မြေသားလမ်း [illegible] |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဝပ်ပိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ် ၂၀၀၅ /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာဇါတ်ပိုမှ ၎င်းကျေးရွာအုပ်စုဇါတ်ပိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? [illegible] /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်၊

ခြောက်သွေ့ရာသီတွင်ကြာချိန် ၁၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လှေ/မော်တော်ဘုတ်/ အခြား ----------

မိုးရာသီတွင်ကြာချိန် ၂၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/(ခြေလျင်)/လှေ/မော်တော်ဘုတ်/ အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

၁. မရှိပါ ✓၂. ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible] (၂၀၀၆)

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ------------------------------------

(၂) ------------------------------------

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် | ဦးကျော်ဝင်းအောင် |
| | လက်မှတ် | [signature] နေ့စွဲ ၈.၉.၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် | ဒေါ်မြေစိုးချစ် |
| | လက်မှတ် | [signature] နေ့စွဲ ၈.၉.၁၇ |

# ၁၀. စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ- ၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ဆုမွန်ဖြော် | | | |
| နေ့စွဲ ၂၃·၉·၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ဧရာဝတီ | မြို့နယ် – ကြံခင်း | ကျေးရွာအုပ်စု – သဲဖြူ | ကျေးရွာ – နှင်းလုံးကြိုင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၃·၉·၁၇ | ၂၃·၉·၁၇ | ၆ | ၅ | ၁၀ | ၁၁ \| ဗမာ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၃·၉·၁၇ | ၂၃·၉·၁၇ | ၆ | ၅ | ၁၀ | ၁၁ \| ဗမာ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃၀·၉·၁၇ | ၃၀·၉·၁၇ | ၁၅ | ၅ | ၂၀ | ၂၀ \| ဗမာ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၉·၁၂·၁၇ | ၉·၁၂·၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေးအကြောင်းကြားသည့် အစည်းအဝေး | ၁၀·၁၂·၁၇ | ၁၀·၁၂·၁၇ | ၃ | ၇ | ၁၀ | ၁၀ \| ဗမာ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၅·၁၂·၁၇ | ၁၅·၁၂·၁၇ | ၃ | ၈ | ၁၁ | ၁၁ \| ဗမာ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၁၅·၁၂·၁၇ | ၁၅·၁၂·၁၇ | ၃ | ၈ | ၁၁ | ၁၁ \| ဗမာ |

လူင[illegible]ပိုမြို့ စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၅.၁၂.၁၇ | ၁၅.၁၂.၁၇ | ၃ | ၈ | ၁၁ | ၁၁ | ဗမ |
| ၆.၃။ ဘဏ္ဍာရေးတာဝန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၅.၁၂.၁၇ | ၁၅.၁၂.၁၇ | ၃ | ၈ | ၁၁ | ၁၁ | ဗမ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၅.၁၂.၁၇ | ၁၅.၁၂.၁၇ | ၃ | ၈ | ၁၁ | ၁၁ | ဗမ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

## ၁၁. ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ- ၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ခူယွန်းဇော် | | |
| နေ့စွဲ | ၂၃.၉.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☒ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| မြို့နယ်/တိုင်း ဧရာဝတီ | ကြံခင်း မြို့နယ် | ကျေးရွာအုပ်စု သဲဖြူ | ကျေးရွာ နှင်းလုံးကြိုင် |

က၊ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း။ | ၁ | ရွာတွင်းလမ်းများသွားလာရခက်ခဲခြင်း။ |
| ၂ | လမ်းပန်းဆက်သွယ်ရေးမကောင်း၍ ပညာရေးတွင်ခက်ခဲခြင်း။ | ၂ | ရွာချင်းဆက်လမ်းများသွားလာရခက်ခဲခြင်း။ |
| ၃ | လျှပ်စစ်မီးမရရှိခြင်း။ | ၃ | အလုပ်အကိုင်ရှားပါးခြင်း။ |
| ၄ | အလုပ်အကိုင်ရှားပါးခြင်း။ | ၄ | ကလေးများပညာရေးခက်ခဲခြင်း။ |
| ၅ | မိုးဘေးအန္တရာယ်နှင့်ပတ်သက်၍ စိုးရိမ်ရခြင်း။ | ၅ | လျှပ်စစ်မီးမရှိသောကြောင့် လူမှုရေးထိခိုက်မှု ခက်ခဲခြင်း။ |
| ၆ | | ၆ | |
| ၇ | | ၇ | |

ခ၊ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | အလုပ်အကိုင်အခွင့်အလမ်းပေါများစေချင်သည်။ | ၁ | ရွာတွင်းလမ်းလေးတွေ ကွန်ကရစ်လမ်းလေးဖြစ်ချင်သည်။ |
| ၂ | ရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းလေးဖြစ်ချင်ပါသည်။ | ၂ | လျှပ်စစ်မီးထိန်ထိန်လင်းချင်ပါသည်။ |
| ၃ | လျှပ်စစ်မီးထိန်ထိန်လင်းချင်သည်။ | ၃ | ရွာချင်းဆက်လမ်းလေးကောင်းစေချင်ပါသည်။ |
| ၄ | တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းလုပ်ချင်သည်။ | ၄ | အလုပ်အကိုင်အခွင့်အလမ်းပေါများစေချင်ပါသည်။ |
| ၅ | စက်မှု/လက်မှုနည်းပညာသင်တန်းလိုချင်သည်။ | ၅ | အသေးစားချေးငွေလုပ်ငန်းရှိချင်ပါသည်။ |
| ၆ | ရွာတွင်းခြံစည်းရိုးရှိစေချင်ပါသည်။ | ၆ | တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းလုပ်ချင်ပါသည်။ |
| ၇ | | ၇ | အိမ်တွင်းစက်ချုပ်သင်တန်းပေးစေချင်ပါသည်။ |
| | | ၈ | ရွာတွင်းစာကြည့်တိုက်ရှိစေချင်ပါသည်။ |

ဂ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လျှပ်စစ်မီး (ကွန်ကရစ်မီးတိုင်နှင့်မီးကြိုး) | ကျား+မ | ၃၆ သိန်း | ၃၃ ဦး |
| ၂ | ရွာချင်းဆက်ကျောက်ကြီး ချောင်းကျောက်လမ်း | ကျား+မ | ၂၀ သိန်း | ၃၃ ဦး |
| ၃ | ဆင်ကျင်မီး | ကျား+မ | ၃၀ သိန်း | ၃၃ ဦး |
| ၄ | | | | |
| ၅ | | | | |
| ၆ | | | | |
| ၇ | | | | |
| ၈ | | | | |

ဃ၊ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသေးစားချေးငွေလုပ်ငန်း | မ | သာမဦးစီး |
| ၂ | တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း | မ | မွေးမြူရေးဝန်ကြီးဌာန |
| ၃ | ဖါပတ်ကြိုးစည်းရုံး | ကျား+မ | |
| ၄ | | | |
| ၅ | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။


အမည် ဒေါ်ခင်အေးမာ ------ လက်မှတ် ------ [signature] ------ နေ့စွဲ ၂၃.၉.၂၀၁၇

## ၁၂. ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ- ၄)

ပုံစံPC-၄ကျေးရွာ စွဲရွေးချယ်ခြင်းပုံစံ

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ ။ကျေးရွာအုပ်စုစီမံချက်ရေးဆွဲသည့်အစည်းအဝေးတွင် ဤပုံစံအားလူထုစည်းရုံးရေးမှူး / လက်ထောက်နည်းပညာမှူးတို့၏ အကူအညီဖြင့်ပြည့်စုံစွာဖြည့်သွင်းရမည်။ဤပုံစံအားပြည့်စုံစွာဖြည့်သွင်းပြီးပါကကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင်နောက်ဆက်တွဲအဖြစ်တွဲထားရမည်။ CF မှ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | ဒေါ်ဆုမွန်ဇော် ၊ ဒေါ်ဇေသဉ္ဇာဦး | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ(√)□စက်ဝန်း(၁) □စက်ဝန်း(၂) ☑စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း- စစ်ကိုင်း | မြို့နယ်- ကြံခင်း | ကျေးရွာအုပ်စု | သံဖြူ |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | |
| ပေမြို့ကုန်း | ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း | ၆၅၄'×၁၀'×၆" ၂၀၀'×၆'×၆" | ၅၂ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၁၁၈ သိန်း) | | | - | (၁၁၈ သိန်း) |
| နှမ်းလုံးကြိုင် | ကွန်ကရစ်တံတိုင်းနှင့် မီးကြိုး | မီးတိုင်(၁၂) တိုင်၊ မီးကြိုး (၁၅၀၀)ပေ | ၃၃ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၃၉၁ သိန်း) | | | - | (၃၉၁ သိန်း) |
| ကုန်းမြင့် | အရှေ့ပိုင်းလက်တူးတွင်းတူးခြင်းနှင့် မြောက်ပိုင်းရေတွင်း အမိုးအကာပြုပြင်ခြင်း | (၆' ø ၂၄'+၃') (၁၄' × ၁၄') | ၄၅၄ | □အမျိုးသား □အမျိုးသမီး ☑အမျိုးသားနှင့်အမျိုးသမီး | (၄၅၁ သိန်း) | | | - | (၄၅၁ သိန်း) |
| | | | | □အမျိုးသား | | | | | |



| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | □အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |
| | | | | □အမျိုးသား<br>□အမျိုးသမီး<br>□အမျိုးသားနှင့်<br>အမျိုးသမီး | | | | |

ရာထူး ကျေးရွာအုပ်စု/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးလှိုင်ကို ၊ ဒေါ်သင်းသင်းချို

လက်မှတ် ---------- ရက်စွဲ ၂၀.၁၁.၂၀၁၇

၁၃. အစည်းအဝေးမှတ်တမ်းများ

## **လူထုဗဟိုပြုစီမံကိန်း** ( တတိယနှစ်စက်ဝန်း )

**ကျေးရွာအုပ်စု - သဲဖြူကျေးရွာ**

**ကျေးရွာ - နန်းလုံးကြိုင်ကျေးရွာ**

**ကျေးရွာ(ပထမအကြိမ်နှင့် ဒုတိယအကြိမ်) အစည်းအဝေး** ရက်စွဲ ၂၃- ၉-၂၀၁၇

အစည်းအဝေးကို နေ့လည် (၉း၀၀) နာရီတွင် စတင်ကျင်းပခဲ့သည်။ အစီအစဉ်(၁)တွင် ကျေးရွာ အုပ်စု၊ အုပ်စုအုပ်ချုပ်ရေးမှူး ဦးတင်အောင်ဌေးမှ အဖွင့်အမှာစကား ပြောကြားပြီး "လူထုဗဟိုပြု စီမံကိန်း တတိယနှစ်စီမံကိန်း" အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စတင်ခဲ့ပြီဖြစ်၍ မိမိတို့ကျေးရွာအုပ်စု အနေ ဖြင့် များစွာဂုဏ်ယူပါကြောင်း၊ အစည်းအဝေးတွင် ယခုကဲ့သို့ စုံစုံညီညီတက်ရောက်ကြသည့် အတွက် ဝမ်းသာမိကြောင်း၊ မိမိတို့ကျေးရွာ၏ လိုအပ်သောလိုအပ်ချက်လုပ်ငန်းများကို စီမံကိန်းအဖွဲ့ အစည်းမှ ဝန်ထမ်းများနှင့်အတူ ဝိုင်းဝန်းကူညီ လုပ်ဆောင်ကြလိမ့်မည် မျှော်လင့်ပါကြောင်း" စသဖြင့် အမှာစကား ပြောကြားခဲ့ပါသည်။

(၉း၁၅) နာရီတွင် လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများမှ ကျေးရွာလူထုနှင့် ဝန်ထမ်းများကြား ရင်းနှီးမှုရစေရန် တစ်ဦးချင်း မိတ်ဆက်ခြင်း အစီအစဉ်ကိုပြုလုပ်ခဲ့ကြပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်းမိတ်ဆက်ခြင်း၊ ကျားမရေးရာကဏ္ဍ၊ စီမံကိန်းတွင် ပါဝင်သူများ၏ အခန်းကဏ္ဍနှင့် တာဝန် ဝတ္တရား များ၊စီမံကိန်းတွင်လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ အကြံပြုတိုင်ကြားရေးစနစ် အကြောင်း စသည်တို့ကို အကျယ်တဝင့်ရှင်းလင်းပြောကြားခဲ့ပါသည်။

(၁၀း၀၀) နာရီတွင် စီမံကိန်း တတိယနှစ်အတွက် ကော်မတီဝင်များ ရွေးချယ်မည်ဖြစ်၍ စေတနာဝန်ထမ်းများ၏ တာဝန် ဝတ္တရားများအကြောင်း၊ မဲပေးရွေးချယ်ခြင်း၏ မှန်ကန်တိကျသော လျို့ဝှက်စနစ်အကြောင်း ထပ်မံ ရှင်းပြခဲ့ပြီး စေတနာ့ဝန်ထမ်း (၂) ဦးရွေးချယ်ခဲ့ကြသည်။ (၁၁း၀၀) နာရီတွင် ကျေးရွာစီမံကိန်း နှင့် အထောက်အကူပြုကော်မတီဝင်များ၏ တာဝန်ဝတ္တရားများအကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ပါသည်။

နေ့လည် (၁း၀၀) နာရီတွင် ကျေးရွာလူထုအား အဖွဲ့များခွဲ၍ လူမှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်များ (လူမှု နှင့် သဘာဝအရင်းအမြစ်ပြ မြေပုံ၊ အရင်းအမြစ်များအသုံးပြုမှု၊ ပိုင်ဆိုင်မှု/ထိန်းချုပ်မှု၊

ဥစ္စာခနေစံသတ်မှတ်ချက်၊ ပင့်ကူအိမ်သုံး သပ်ချက် (ကျား၊ မ)၊ ရာသီခွင်ပြက္ခဒိန်၊ အဖွဲ့အစည်း ချိတ်ဆက်မှုပြမြေပုံ) တို့ကို ဖော်ထုတ်ရေးဆွဲ ခဲ့ကြရာ၊ ဆွေးနွေးသော အကြောင်းအရာများ၊ သုံးသပ်ချက်များသည် ဒုတိယနှစ်မှ ဆွေးနွေးဖော်ထုတ် ခဲ့ကြသော အကြောင်းအရာ၊ အချက်အလက်များ အတိုင်း ပြောင်းလဲမှုမရှိခဲ့ပါ။ ကျေးရွာတွင်း အခြေခံ အချက်အလက်များလည်း အတိုး/ အလျော့ မရှိခဲ့ကြောင်း တွေ့ခဲ့ရပါသည်။

နေ့လည် (၂း၀၀) နာရီတွင် ကျေးရွာဖွံ့ဖြိုးရေးစာအုပ် အကြောင်းကို ရှင်းပြခဲ့ပြီး၊ လက်ထောက် နည်းပညာမှူးမှ သဘာဝအကာအကွယ်နှင့် လူမှုအကာအကွယ်များအကြောင်းကို ဆက်၍ရှင်းပြခဲ့ပါသည်။ ထို့နောက် နန်းလုံးကြိုင်ကျေးရွာတွင် ဖြစ်ပေါ်နေသော အခက်အခဲပြဿနာများအကြောင်း ဆွေးနွေးဖော်ထုတ်ကြပြီး၊ အဓိကဖြစ်သော အချက်အလက်များကို ထပ်မံထည့်သွင်း ဖော်ပြခဲ့ကြပါသည်။ ကျေးရွာ မျှော်မှန်းချက်များတွင် ပြောင်းလဲမှုမရှိခဲ့ပါ။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကို တောင်းဆိုဆန္ဒပြုကြရာ အဓိကဖြစ်သောဖွံ့ဖြိုးရေးလုပ်ငန်း (၄)ခု ထွက်လာခဲ့ပြီး၊ ဦးစားပေး အဆင့် ရွေးချယ်သတ်မှတ်ရာတွင်လည်း၊ ကျေးရွာ၏သတ်မှတ်ရွေးချယ်ချက် အရ၊ ဦးစားပေးလုပ်ငန်း (၄)ခု ရရှိခဲ့ပါသည်။

ညနေ (၃း၀၀) နာရီတွင် ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေး၊ (တတိယနှစ်စက်ဝန်း) အား အောင်မြင်ပြီးမြောက်ခဲ့ပြီး၊ ကျေးရွာ (ပထမအကြိမ် နှင့် ဒုတိယအကြိမ်) အစည်းအဝေးအား ပိတ်သိမ်းခဲ့ပါသည်။

**လူထုစည်းရုံးရေးမှူး**

**ဒေါ်ဆုမွန်ဇော်**

**၁၄. ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ**

| ကျေးရွာကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | | | | | | |
|---|---|---|---|---|---|---|
| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
| အခြေခံအဆောက်အဦး | ၁ | လျှပ်စစ်မီး(ကွန်ကရစ်မီးတိုင်နှင့် မီးကြိုး) | ကျား+မ | ၂၃.၉.၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၂ | ရွာချင်းဆက်ကျောက်ကြီးချောင်း ကျောက်လမ်း | ကျား+မ | ၂၃.၉.၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | ၃ | အင်ဂျင်မီး | ကျား+မ | ၂၃.၉.၁၇ | ကျေးရွာလူထု | လူထုဗဟိုပြု စီမံကိန်း |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း/ စိုက်ပျိုးရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| ပညာရေး | | | | | | |
| | | | | | | |
| | | | | | | |
| | | | | | | |
| အခြား | ၁ | အသေးစားချေးငွေလုပ်ငန်း | မ | ၂၃.၉.၁၇ | ကျေးရွာလူထု | သမဝါယမဦးစီးဌာန |
| | ၂ | တနိုင်တပိုင်မွေးမြူရေးလုပ်ငန်း | မ | ၂၃.၉.၁၇ | ကျေးရွာလူထု | မွေးမြူရေးဦးစီးဌာန |
| | ၃ | ရွာပတ်ခြံစည်းရိုး | ကျား+မ | ၂၃.၉.၁၇ | ကျေးရွာလူထု | |
| | | | | | | |